# Special Advisory Council for MYANMAR

## ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုအတွက် အောက်မေ့ဖွယ်ရာနေ့

နေ့စွဲ ။ ။ ၂၅ ၊ဩဂုတ်၊ ၂၀၂၁။

မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများအား နိုင်ငံတော်မှ ဆယ်စုနှစ်ပေါင်းများစွာ ညှင်းပန်းနှိပ်စက်မှုနှင့် ခွဲခြားဆက်ဆံမှုများ ပြုလုပ်ခဲ့ကြသည့် အဖြစ်အပျက်များသည် လွန်ခဲ့သည့် လေးနှစ်အတွင်းတွင် မြန်မာ့စစ်တပ်မှ ရိုဟင်ဂျာလူများများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုများ ကျူးလွန်ခဲ့မှုများနှင့် ကြုံတွေ့စေခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ ထိုသူများအားလုံး၊ ရခိုင်ပြည်နယ်တွင် ခွဲခြားဆက်ဆံခံနေရသည့် သူများ၊ Cox's Bazar ရှိ ရိုဟင်ဂျာ ဒုက္ခသည်များနှင့် ကမ္ဘာအနှံ့ရှိ ရိုဟင်ဂျာများအားလုံးကို ယနေ့ အောက်မေ့ဖွယ်ရာနေ့တွင် အထူးအောက်မေ့ကြောင်း ပြောကြားလိုပါသည်။

ဩဂုတ်လ ၂၅ ရက်၊ ၂၀၁၇ ခုနှစ်သည် မြန်မာနိုင်ငံ စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာရွာများရှိ ရိုဟင်ဂျာ မိန်းကလေးများ၊ ယောကျာ်းလေးများ၊ အမျိုးသမီးများနှင့် အမျိုးသားများအပေါ် ဆိုးရွားလှသည့် ကြမ်းတမ်းရက်စက်မှုများ စတင်ကျူးလွန်ခဲ့သည့် နေ့ရက်ဖြစ်ပါသည်။ လူထောင်ပေါင်းများစွာ သတ်ဖြတ်ခံခဲ့ ရခြင်း၊ လူထောင်ပေါင်းများစွာ မုဒိန်းကျင့်ခံရခြင်း နှင့် ညှင်းပန်းနှိပ်စက်မှုများ ခံစားခဲ့ကြရပြီး လူတစ်သန်း၏ သုံးပုံတစ်ပုံသည်လည်း ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသူများအနေဖြင့် ၄င်းတို့ထက်စောလျင်စွာ ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိနေကြသော ရိုဟင်ဂျာများနှင့် အတူတကွ နေထိုင်နေကြရပါသည်။

**"ရိုဟင်ဂျာလူမျိုးတွေအပေါ် ဩဂုတ်လ ၂၀၁၇ မှာ ကျူးလွန်ခံတဲ့ ကိစ္စရပ်တွေကို အသက်ရှင်ကျန်ရစ်ခဲ့ကြသူတွေနဲ့ ညှင်းပန်းနှိပ်စက်မှု ခံခဲ့ကြရသူတွေကို တွေ့ဆုံပြီး သူတို့ပြောပြတဲ့ အကြောင်းအရာတွေကို နားထောင်ရပြီး စုံစမ်းဖော်ထုတ်မှုတွေ ပြုလုပ်ခဲ့ရခြင်းက ကျွန်ုပ်တို့ ၃ ယောက်လုံးအပေါ် သက်ရောက်မှုကြီးမားတဲ့ အပြောင်းအလဲတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီနေ့မှာ ထိုသူတွေအားလုံးကို ကျွန်ုပ်တို့ အောက်မေ့သတိရနေပါတယ်။ သင်တို့ရဲ့ ရှုန်းကန်လှုပ်ရှားမှုကို ဆက်လက်အားပေးနေသလို သင်တို့အနေနဲ့ တရားမျှတမှု ရရှိရေးတိုက်ပွဲ၊ နေရပ်သို့ ပြန်လည်ခိုလှုံနိုင်ခွင့်နှင့် သင်တို့၏ အခွင့်အရေးများ ပြန်လည်ရရှိရေးအတွက် ကျွန်ုပ်တို့ အနေနှင့် အမိဋ္ဌာန်ခိုင်ခိုင်မာမာဖြင့် ဆက်လက်ကြိုးစားနေကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ အသက်ရှင်ကျန်ရစ်သော ရိုဟင်ဂျာလူမျိုးများအား သတင်းစကားပါးခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြရသော ရိုဟင်ဂျာဒုက္ခသည် တစ်သန်းသည် လွန်စွာဆိုးရွားလှသော အခြေအနေများနှင့် ကြုံတွေ့နေကြရပါသည်။ နှစ်အစောပိုင်းတွင် ပြင်ထန်ဆိုးရွားသော မီးဘေးနှင့် ကြုံတွေ့ခဲ့ကြရပြီး ယခုကာလတွင်လည်း ပျက်စီးဆုံးရှုံးမှုများကို ပိုမိုဖြစ်ပေါ်စေသော ရေဘေးဒုက္ခနှင့်လည်း ကြုံတွေ့နေရပါသည်။

မြန်မာစစ်အုပ်စုမှ ဖေဖော်ဝါရီလတွင် ကျူးလွန်ခဲ့သော စစ်အာဏာသိမ်းမှုသည် ရိုဟင်ဂျာလူမျိုးများ အနေဖြင့် မိမိတို့ သဘောဆန္ဒနှင့်အညီ လုံခြုံစွာ၊ သိက္ခာရှိစွာ နှင့် ပိုမိုကောင်းမွန်သော အခြေအနေများတွင် ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် လုပ်ဆောင်ရမည့် အခြေအနေများအတွက်လည်း မသေချာ၊ မရေရာမှုများကို ဖြစ်ပေါ်လာစေပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်၏ အချက်အချာကျသည့် နေရာများတွင် ကျန်ရှိနေသည့် ရိုဟင်ဂျာလူမျိုးများအနေဖြင့်လည်း တစ်စထက်တစ်စ ဆိုးရွားလာသည့် အခြေအနေများနှင့် ခွဲခြား ဆက်ဆံခြင်းများကိုလည်း ဆက်လက်ကြုံတွေ့နေကြရပါသည်။ ၎င်းတို့အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေးထိုးရန်အတွက်မှာလည်း ကန့်သတ်ခံထားရခြင်း သို့မဟုတ် အလုံးစုံ ငြင်းပယ်ခြင်းများနှင့် ကြုံတွေ့နေရကြောင်း ကြားသိနေရပါသည်။ ထိုအခြေအနေများတွင်ပင် ၎င်းတို့အပေါ် ရက်စက် ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့သည့် စစ်အုပ်စု၏ ခြိမ်းခြောက်မှုများသည် ၎င်းတို့ကိုယ်တိုင် ကျူးလွန်ခဲ့သည့် အပြစ်များမှ ကင်းလွတ်ခွင့်ရရေးအတွက်ကိုသာ ဆက်လက်ကြိုးပမ်းနေသည့် အဖြစ်များရှိနေသောကြောင့် ရိုဟင်ဂျာလူမျိုးများအနေဖြင့် တရားမျှတမှုကို ရရှိရန်မှာ ပိုမိုခက်ခဲဝေးလံနေသကဲ့သို့ ခြိမ်းခြောက်မှုများနှင့် ထပ်မံကြုံတွေ့နေရပါသည်။

**“ဒီလိုရက်စက်ကြမ်းကြုတ်မှုတွေကို ကြုံတွေ့ခဲ့ကြရတဲ့ လေးနှစ်ပြည့်တဲ့ ကာလမှာတော့ ကျွန်ုပ်တို့ အနေနဲ့ သမိုင်းကို ပြန်လည်အမှတ်ရဖို့နဲ့ လူမျိုးရေးခွဲခြားဆက်ဆံမှုတွေ၊ ညှင်းပန်းနှိပ်စက်မှုတွေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ် အပြစ်မှ ကင်းလွတ်ခွင့်ပေးခြင်းဆိုတဲ့ အလေ့အကျင့် ဆိုးတွေကို ပြန်လည် အမှတ်ရ ထုတ်ဖော်ပြောကြားကြဖို့ လိုအပ်ပါတယ်။ အဲ့ဒီသင်ခန်းစာတွေဟာ မြန်မာလူမျိုးတွေအနေနဲ့ စစ်အုပ်စုကို ပြန်လည်တော်လှန်ခုခံတဲ့နေရာမှာရော၊ ငြိမ်းချမ်းရေး၊ လူမျိုးကွဲများ အတူနေထိုင်ရေးနဲ့ ရိုဟင်ဂျာလူမျိုးများအနေနဲ့ပါ ပိုမိုပြည့်ဝပြီး သာတူညီမျှရှိတဲ့ ဒီမိုကရေစီပြည့်ဝတဲ့ မြန်မာ့လူ့အဖွဲ့အစည်းကို တည်ဆောက်ရာမှာ ကောင်းမွန်တဲ့ လွှမ်းမိုးမှုတွေ ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။”** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ ပြောကြား ခဲ့ပါသည်။

ရိုဟင်ဂျာလူမျိုးများအနေဖြင့် ခံစားခဲ့ကြရသည့် ဒုက္ခဝေဒနာ အတိမ်အနက်သည် နိုင်ငံတစ်ဝှမ်းလုံး၏ ပူဆွေးသောကဖြစ်ဖွယ်ရာ အဖြစ်အပျက်ဖြစ်ပြီး ၎င်းတို့အဖြစ်အပျက် ထပ်မံဖြစ်ပွားမည်ဆိုပါက မြန်မာနိုင်ငံဆိုသည့် နိုင်ငံတော်တည်ထောင်မှု စိတ်ကူးစိတ်သန်းနှင့် နိုင်ငံတော်၏ ပုံရိပ်သည်လည်း တစ်ပြိုင်နက် သေဆုံးသွားသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ယနေ့ အောက်မေ့ဖွယ်ရာနေ့တွင် ရိုဟင်ဂျာလူမျိုးများ ကြုံတွေ့နေကြရသည့် ရက်စက်ကြမ်းကြုတ်မှုများကို မြန်မာလူမျိုးများနေဖြင့်ရော၊ နိုင်ငံတကာ အသိုင်းအဝိုင်းကပါ မေ့ပျောက်မသွားရန် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ သတိပေး ပြောကြားလိုပါသည်။ မြန်မာစစ်အုပ်စု ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့် ၎င်းတို့မှ ဆက်လက်ကျူးလွန်နေသည့် ပြစ်မှုများကိုလည်း မေ့ပျောက်မသွားရန် လိုအပ်ပါသည်။ စစ်အုပ်စုကို တော်လှန်ခုခံနေကြသည့်သူများ အားလုံး၏ ပေးဆပ်ထားမှုနှင့် အန္တရာယ်များကို မေ့ပျောက်မသွားသင့်သလို ရိုဟင်ဂျာများသည်လည်း အမေ့လျော့ခံများ ဖြစ်မသွားသင့်ပါ။